REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ ကျပ် ခြောက်ရာကျပ် K 600

**" Jewellery Lucky Production Co., Ltd နှင့် Winning Way Co.,Ltd. တို့**
**အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ**
**သဘောတူစာချုပ် "**

ရက်စွဲ ။ ။ ၂၀၂၅-ခုနှစ်၊ ဖွန်လ၊ ( )ရက်။

(က)ဖက် – Jewellery Lucky Production Co., Ltd (JLPC) ၏ ကိုယ်စား

(၁) ဦးမင်းမျိုးသန့်
Executive Director
(၉/မထလ(နိုင်)၁၈၃၇၈၀)

(၂) ဦးကျော်ဝေ
Director
(၁၂/ဒဂမ(နိုင်)၀၂၇၈၂၁)

(ခ) ဖက် – Winning Way Co., Ltd (WWC) ၏ ကိုယ်စား

(၁) ဒေါ်ကြေးမှုံဝင်း
Managing Director
(၁၂/သဃက(နိုင်)၀၄၃၃၁၁)

(၂) ဒေါ်နိုင်စုလှိုင်
Operation Manager
(၇/ညလပ(နိုင်)၁၃၂၉၁၀)

( အထက်ပါ စာချုပ်ချုပ်ဆိုသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေဆက်ခံခွင့်ရှိသူများ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူများနှင့် တရားဝင်ကိုယ်စားလှယ်များလည်း ပါဝင်ပါသည်ဟု မှတ်ယူရပါမည်။ )

၁။ (က)ဖက် Jewellery Lucky Production Co.,Ltd ( JLPC ) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသရှိ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘဲလင်းကျေးရွာတွင် လည်းကောင်း၊ မွန်ပြည်နယ်ရှိ ဘီးလင်းနှင့် သံဖြူဇရပ်မြို့များတွင် လည်းကောင်း စက်ရုံများတည်ထောင်၍ တန်ဘိုးမြင့်သစ်ပါးလွှာနှင့် အထပ်သားများထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျှက်ရှိပြီး **Export Earning** များ ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ ၎င်းအပြင် စက်ရုံများအတွက် အထပ်သားထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ ယန္တယားများ၊ ကော်ချက်ရာတွင် အသုံးပြုသည့် Chemical ပစ္စည်းများ စသည့် ပစ္စည်းများကို **ကိုယ်ပိုင် Export Earning** များဖြင့် **Import Licence** များ လျှောက်ထားလျှက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

၂။ (ခ)ဖက် Winning Way Co., Ltd (WWC) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် တည်ရှိပြီး Solar နှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုးကို မြန်မာပြည်တစ်ပြည်လုံးသို့ လက်လီ၊ လက်ကား တင်သွင်း ဖြန့်ဖြူး ရောင်းချလျှက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။

၃။ (က)ဖက် JLPC နှင့် (ခ)ဖက် WWC တို့သည် ယခင်ကတည်းက ရင်းနှီးကျွမ်းဝင်ကြပြီး အကျိုးတူ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည့် မိတ်ဖက်များ ဖြစ်ပါသည်။ ယခုအခါ မိတ်ဖက်ဖြစ်သော (က)ဖက် JLPC အနေဖြင့် သွင်းကုန်လိုင်စင် ပြင်ဆင်ခြင်းတွင် ဖော်ပြထားသော Solar Panel Brand : Matador Lectro, Model-MLPV-590-36V-MHD, Power-590 Watt, Panel Size-2278 x 1134 x 30 mm, Pallet Size-2315 x 1134 x 1254mm ၏ Solar Panel (၂၉၆၀)ချပ် (ပစ္စည်းအရေအတွက်နှင့်သွင်းကုန်လိုင်စင်အချက်အလက်များဖော်ပြပါအတိုင်း)ကွဲလွဲချက်မရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး (ခ)ဖက် WWC မှလည်း ဖော်ပြပါအတိုင်း ကွဲလွဲချက်မရှိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် သိရှိနားလည်ကြပြီး လွှဲပြောင်းရောင်းချခြင်းကို အကျိုးတူ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ ကျပ် K 600



၄။ **(က)ဖက် JLPC နှင့် (ခ)ဖက် WWC တို့၏ တာဝန်များနှင့် အကျိုးခံစားခွင့်များ**

(၁) အဆိုပါ Solar Panel (၂၉၆၀)ချပ် (ပူးတွဲပါလိုင်စင်) တင်သွင်းခြင်းအတွက် နိုင်ငံတော်သို့ တရားဝင်ပေးဆောင်ရမည့် အခွန်အခများ ( Custom Duty, Commercial Tax and Income Tax ) များ၊ Agent ခ၊ ဆိပ်ကမ်းတွင် ကုန်ကျစရိတ်များကို (က)ဖက် JLPC မှ ပေးဆောင်သွားရန် သဘောတူပါသည်။

(၂) ပြည်ပမှ တင်သွင်းလာသော Solar Panel (၂၉၆၀)ချပ် (ပူးတွဲပါလိုင်စင်)အတွက် သင်္ဘောခနှင့်သယ်ယူပို့ဆောင်ခ စသည်များကို (ခ)ဖက် WWC မှ တာဝန်ယူ ကျခံသွားမည်ဟု သဘောတူပါသည်။

(၃) (က)ဖက် JLPC မှ Solar Panel (၂၉၆၀)ချပ်အား သွင်းကုန်လိုင်စင် လျှောက်ထားခြင်းတွင် ပူးတွဲပါလိုင်စင်တွင် ဖော်ပြထားသော Solar Panel Brand : Matador Lectro, Model-MLPV-590-36V-MHD, Power-590 Watt, Panel Size-2278 x 1134 x 30 mm, Pallet Size-2315 x 1134 x 1254mm ပစ္စည်းအရေအတွက်များအတိုင်း တင်သွင်းရန်နှင့် ကွဲလွဲ၍ပါရှိလာခြင်း မဖြစ်အောင် ဆောင်ရွက်သွားမည်ကို နှစ်ဦးနှစ်ဖက် သိရှိသဘောတူကြပြီး ကွဲလွဲမှု တစ်စုံတစ်ရာပါရှိပါက ဖြေရှင်းရမည့် ကိစ္စအဝဝနှင့် ကုန်ကျစရိတ် အားလုံးကို (ခ)ဖက် WWC မှ တာဝန်ယူ၍ ပြေလည်သည်အထိ ဖြေရှင်းသွားရန် သဘောတူပါသည်။

(၄) ဆိပ်ကမ်းမှ ပစ္စည်းထုတ်သည့်အခါ (က)ဖက် JLPC မှ ရွေးချယ်သည့် Agent ဖြင့် ကုန်ပစ္စည်းထုတ်ယူပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များအား အပြန်အလှန် ထောက်ပံ့ကူညီပေးမည် ဖြစ်ပါသည်။

(၅) (က)ဖက် JLPC အမည်ဖြင့် တင်သွင်းလာသော ပစ္စည်းများ ဆိပ်ကမ်းရောက်ရှိပြီး ပစ္စည်းထုတ်ယူရန် အဆင်သင့်ဖြစ်သည့် အချိန်တွင် အဆိုပါ ပစ္စည်းများ အားလုံးအား (ခ)ဖက် WWC မှ တာဝန်ယူ၍ ၎င်းတို့ သတ်မှတ်ထားသည့် နေရာများသို့ သယ်ဆောင်၊ သိုလှောင်၊ သုံးစွဲခြင်းများ ဆောင်ရွက်သွားပါမည် ဖြစ်ပါသည်။

(၆) အဆိုပါ Solar Panel (၂၉၆၀)ချပ် (ပူးတွဲပါလိုင်စင်) တင်သွင်းခြင်း အတွက် (က)ဖက် JLPC ၏ အကျိုးခံစားခွင့်မှာ တင်သွင်းမည့်လိုင်စင်တန်ဖိုး USD-148,444/-၏ (17%), USD-25,235/-နှင့် Customs Clearance Charges ငွေကျပ်-(၁၀,၀၀၀,၀၀၀) (ငွေကျပ် သိန်းတစ်ရာ တိတိ)ကို (ခ)ဖက် WWC မှ (က)ဖက် JLPC သို့ ပေးချေသွားမည် ဖြစ်ပါသည်။

(၇) (ခ)ဖက် WWC မှ Solar Panel (၂၉၆၀)ချပ် (ပူးတွဲပါလိုင်စင်)အတွက် ပေးချေရမည့်ငွေအား (က)ဖက် JLPC သို့ လုပ်ငန်းစာချုပ် သဘောတူချုပ်ဆိုပြီးနောက် စာချုပ်ချုပ်ဆိုသည့်ရက်မှတစ်ပတ်အတွင်း ငွေအကြေ ပေးချေမည် ဖြစ်ပါသည်။

(၈) (ခ)ဖက် WWC မှ ငွေပေးချေမှု ပြုလုပ်ရာတွင်လည်း (က)ဖက် JLPC သို့ ပေးချေရမည့် ပမာဏအား Bank Transfer ပြုလုပ်ခြင်း (သို့မဟုတ်) Cash ပေးချေခြင်းကိုလည်း (က)ဖက် JLPC မှ သဘောတူလက်ခံပါသည်။

(၉) (ခ)ဖက် WWC မှ ပူးတွဲသွင်းကုန်လိုင်စင်ပါ အချက်အလက်အတိုင်း မှန်ကန်စွာ သဘော်တင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး (က)ဖက် JLPC မှလည်း Customs Clearance ကိစ္စရပ်များကို ပစ္စည်းထုတ်ယူနိုင်သည်အထိ တာဝန်ယူ ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

(၁၀) လိုင်စင်သက်တမ်း (၁၄-၉-၂၀၂၅)ရက်နေ့အထိ တင်သွင်းခွင့် ရရှိမည်ဖြစ်ပါသည်။ လိုင်စင်သက်တမ်းရှိသည့် ကာလအတွင်း (ခ)ဖက် WWC မှ အချိန်မီ တင်သွင်းနိုင်ရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁၁) (ခ)ဖက် WWC မှ ပူးတွဲသွင်းကုန်လိုင်စင်ပါ Solar Panel Brand : Matador Lectro, Model-MLPV-590-36V-MHD, Power-590 Watt, Panel Size-2278 x 1134 x 30 mm, Pallet Size-2315 x 1134 x 1254mm အတိုင်း ကွဲလွဲမှုတစ်စုံတစ်ရာမရှိပဲ တင်သွင်းလာပါလျှက် ပစ္စည်းမထုတ်ယူနိုင်ပါက (က)ဖက် JLPC မှ ပြေလည်သည်အထိ တာဝန်ယူ ဖြေရှင်းပေးမည် ဖြစ်ပါသည်။ (ခ)ဖက် WWC မှတင်သွင်းလာသော ပစ္စည်းများသည် ပူးတွဲသွင်းကုန်လိုင်စင်ပါ Solar Panel Brand : Matador Lectro, Model-MLPV-590-36V-MHD, Power-590 Watt, Panel Size-2278 x 1134 x 30 mm, Pallet Size-2315 x 1134 x 1254mmအချက်အလက်များနှင့် ကွဲလွဲမှုရှိလာပါက (ခ)ဖက် WWCမှ ပြေလည်သည်အထိ တာန်ယူ ဖြေရှင်းပေးရမည် ဖြစ်ပါသည်။

ဤသဘောတူစာချုပ်ပါ စကားရပ်များကို မိမိတို့ကိုယ်တိုင် ဖတ်ရှုနားလည် သဘောပေါက် လက်ခံပြီး မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှုမရှိဘဲ လွတ်လပ်သော သဘောဆန္ဒအလျောက် ရန်ကုန်မြို့၌ ( )ရက်နေ့တွင် အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

| (က)ဖက် | (ခ) ဖက် |
|---|---|
| **Jewellery Lucky Production Co., Ltd ၏ကိုယ်စား** | **Winning Way Co.,Ltd ၏ကိုယ်စား** |
| ဦးမင်းမျိုးသန့် ( Executive Director ) | ဒေါ်ကြေးမှုံဝင်း ( Managing Director ) |
| (၉/မထလ(နိုင်)၁၈၃၇၈၀) | (၁၂/သဃက(နိုင်)၀၄၃၃၁၁) |
| Jewellery Lucky Production Co.,Ltd | Winning Way Co., Ltd |

**အသိသက်သေများ**

| | |
|---|---|
| ဦးကျော်ဝေ ( Director ) | ဒေါ်ခိုင်စုလှိုင် ( Operation Manager ) |
| (၁၂/ဒဂမ(နိုင်)၀၂၇၈၂၁) | (၇/ညလပ(နိုင်)၁၃၂၉၁၀) |
| Jewellery Lucky Production Co.,Ltd | Winning Way Co., Ltd |